## တအာင်းဒေသအတွင်း RCSS/SSA တပ်ဖွဲ့၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

၂၀၁၆ ခုနှစ် မေလ ၂ ရက်

တအာင်းဒေသ မတ်လနှင့် ဧပြီလ အတွင်းတွင် ဒေသနေပြည်သူများ၏ စားဝတ်နေရေးအတွက် အားထားရသော လက်ဖက်ခူးရာသီ ဖြစ်သဖြင့် တိုက်ပွဲဖြစ်ပွားမှုမရှိစေရေး တအာင်းတပ်မတော်ဖက်မှ ရှောင်ရှားခဲ့ပါသည်။

RCSS/SSA တပ်ဖွဲ့သည် တအာင်းတပ်မတော် လှုပ်ရှား နယ်မြေအတွင်းသို့ နယ်မြေပိုမိုတိုးချဲ့လှုပ်ရှားလာခြင်း၊ အခိုင်အမာ တပ်စခန်း တည်ဆောက်လာခြင်း၊ တအာင်းပြည်သူလူထု၏ လူမှု/စီးပွား/ဘဝလုံခြုံရေး ကန့်သတ်ပိတ်ပင်မှု စသော လူ့အခွင့်အရေး ချိုးဖောက်မှု ကျယ်ပြန့်စွာပြုလုပ်လာသဖြင့် ဒေသနေပြည်သူလူထုနှင့် ရဟန်းသံဃာများမှ RCSS/SSA တပ်ဖွဲ့အား ဒေသအတွင်း ရှင်းလင်းဖယ်ရှား ပေးရန် PSLF/TNLA တပ်ဖွဲ့ထံအကူအညီ တောင်းခံလာပါသည်။ RCSS/SSA တပ်ဖွဲ့၏ လူ့အခွင့်အရေး ချိုးဖောက်မှုတချို့မှာ -

(က) တောင်ပေါ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် တစ်နှစ်စာ စားသုံးရန်ဆန်များကို ပွင့်လင်းရာသီ တွင်သာ သယ်ဆောင်စုဆောင်းလေ့ရှိသော်လည်း RCSS/SSA တပ်ဖွဲ့မှ လူတစ်ဦး ဆန် ၄/၅ ပြည်အထက် သယ်ဆောင်ခြင်း၊ ဆီ ၀.၇၅ ဆံ့ပုလင်း ၁ ပုလင်း အထက်သယ်ဆောင်ခြင်း၊ ဆား ၁ ထုတ်အထက်သယ်ဆောင်ခြင်း မပြုရဟု တားဆီးပိတ်ပင်ခြင်း၊

(ခ) နယ်မြေအတွင်း မိသားစုစားဝတ်နေရေးမီးသွေးဖုတ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်နေသူများအား RCSS/SSA တပ်ဖွဲ့မှ မီးသွေးဖုတ်ခြင်းမပြုလုပ်ရ၊ သယ်ဆောင်ခြင်းမပြုရ၊ သယ်ဆောင်သွားလာရောင်းဝယ်မှု စစ်ဆေး တွေ့ရှိသည့် အခါတွင် မတရား ဒဏ်ရိုက်ဆတ်ကြေးကောက်ခံခြင်း၊

(ဂ) တစ်ပိသာလျှင် ၂၀၀၀/၃၀၀၀ ကျပ်ဈေးသာရရှိသည့် ဒေသထွက် လက်ဖက်ခြောက်တစ်ပိသာ အပေါ်တွင် RCSS/SSA တပ်ဖွဲ့မှ ဆက်ကြေး ၁၀၀၀ ကျပ်ကောက်ခံနေခြင်း၊

(ဃ) ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစေရန် လမ်းမကြီးအား RCSS/SSA တပ်ဖွဲ့မှ မြောင်းတူး ဖျက်တောက် ပစ်ခြင်း၊

(င) ဒေသခံပြည်သူလူထုမှ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန် စိုက်ပျိုးထားသည့် ဝါးပိုး များအား ယင်းတို့၏စခန်း ဆောက်လုပ်ရန်အတွက် မတရားခုတ်ယူခြင်း၊

(စ) ကျေးရွာအတွင်း ရောက်ရှိလာပါက လူနေအိမ်များအတွင်း ဝင်ရောက်မွှေနှောက်ကာ ပစ္စည်းများ မတရားယူဆောင် သွားခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သတ်ဖြတ်စားသုံးခြင်း၊

(ဆ) RCSS/SSA ရှိသည့်ဒေသအတွင်း တအာင်းလူထုများ ဖြတ်သန်းသွားလာပါက မတရားဖမ်းဆီးစစ်ဆေးခြင်း၊ ဖမ်းဆီး ချုပ်နှောင်ထားခြင်း၊

(ဇ) ရောက်ရှိကျေးရွာအတွင်း တစ်အိမ်လျှင် RCSS/SSA စစ်သားများအား ၂၀/၃၀ ဦးနေထိုင်စေပြီး အခကြေးငွေမပေးဘဲ အိမ်ရှင်များအား နေ့စဉ်ထမင်းကျွေးမွေးစေခိုင်းထားခြင်း၊

(ဈ) တအာင်းဘာသာဖြင့် ရေးသားထားသည့် တအာင်းကျေးရွာ ဆိုင်းဘုတ်များအား ရိုက်ချိုးဖျက်ဆီးပစ်ခြင်း၊

(ည) ပြည်သူများလုပ်ကိုင်စားသောက်မှု ခက်ခဲစေရန် အများပြည်သူသွားလာသည့်လမ်း၊ လက်ဖက်ခင်းအတွင်း မြေမြှုပ်မိုင်းများ ထောင်ထားခြင်း၊ လယ်/ယာတဲ နှင့် လက်ဖက်ခြံတဲများမီးရှို့ဖျက်ဆီးပစ်ခြင်း၊

(ဋ) ယင်းတို့သွားလာလှုပ်ရှားသည့် ဒေသအတွင်း မူးယစ်ဆေးဝါးရောင်းချပေးမှုကြောင့် ဒေသခံများ မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမို များပြားလာခြင်း၊ မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့နယ်ခွဲ တွန်ပေါကျေးရွာတွင် ဘိန်းဖျက်စခန်းဟု အကြောင်းပြကာ ပြည်သူလူထုများ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ဖမ်းဆီးထားသူများဖြင့် ထိုစခန်း၌ပင် မူးယစ်ဆေးဝါးများ ထုတ်လုပ် စေခြင်း၊ စသော လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ခဲ့သည်။

သတင်းနှင့်ပြန်ကြားရေးဌာန
PSLF/TNLA